COMMITTEE REPRESENTING PHYIDAUGSU HLUTTAW-UNION
PARLIAMENT OF MYANMAR
MYANMAR SPECIAL ENVOY TO UNITED NATIONS
SASA@CRPHMYANMAR.ORG

ကြေညာချက်

၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက်၊ သောကြာနေ့တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ("မြန်မာနိုင်ငံ") သည် တရားဝင်ဖြစ်သော ပါလီမန်က တာဝန်ချထားပေးသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီ ("CRPH") မှတစ်ဆင့် ၎င်း၏ နိုင်ငံတကာ ဥပဒေအကြံပေးဖြစ်သော Volterra Fietta ဥပဒေပညာရှင်အဖွဲ့အား ကုလသမဂ္ဂရှိ နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်း အမျိုးမျိုးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန် ညွှန်ကြားခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီး မြန်မာပြည်သူများနှင့် သူတို့၏ တရားဝင် ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ်များအပေါ် ရက်စက် ကြမ်းကြုတ်မှုများ ကျူးလွန်နေခဲ့သည့် စစ်တပ်နှင့် ပတ်သက်ပါသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဥပဒေရေးရာ ကိုယ်စားလှယ်များ (CRPH မှတစ်ဆင့် ဆောင်ရွက်သည်) နှင့် မြန်မာနိုင်ငံအတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ယန္တယား ("IIMM") အကြီးအကဲတို့ တွေ့ဆုံမည် ဖြစ်ပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ၎င်းနောက်ပိုင်းကာလများတွင် စစ်တပ်က ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ (CRPH မှတစ်ဆင့်) နှင့် IIMM တို့အကြား အပြန်အလှန် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများကို ဆွေးနွေးအဖြေရှာကြရန် ရည်ရွယ်ထားပါသည်။

CRPH သည် သက်သေအထောက်အထားပေါင်း ၁၈၀,၀၀၀ ကို လက်ခံရရှိထားပါသည်။ ဤသက်သေအထောက်အထားများက စစ်တပ်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေခဲ့ကြောင်း ပြသနေပါသည် -

၁။ ဥပဒေမဲ့ သတ်ဖြတ်မှု ၅၄၀ ဦးကျော်
၂။ ဖမ်းဆီးထားစဉ် နိုင်ငံရေးအကျဉ်းသား သေဆုံးမှု ၁၀ ဦးနှင့်အထက်
၃။ ဖမ်းဆီးထားသူများအား နှိပ်စက်ညှဉ်းပန်းခြင်း
၄။ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား သေစေနိုင်သော အင်အားအလွန်အကျွံသုံး၍ နေရာအနှံ့အပြားတွင် ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ခြင်း၊ ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ချိုးဖောက်ခြင်း
၅။ တရားမဝင် ဖမ်းဆီးချုပ်နှောင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်း

၆။ သတင်းထောက်များ၊ သတင်းမီဒီယာ ကုမ္ပဏီများနှင့် ဓာတ်ပုံဆရာများကို ပစ်မှတ်ထား ဖမ်းဆီးခြင်း
၇။ အင်တာနက် အသုံးပြုခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းနှင့် အင်တာနက်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်သည့် လုပ်ရပ်များ လုပ်ဆောင်ခြင်း

ဒေါက်တာ ဆာဆာ
၂၀၂၁ ခုနှစ် ဧပြီလ ၆ ရက်